## ဓမ္မခန္ဓာ (၁၂) ယူဆွဖ်

ဥဘဏ်စဥ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၃၊ သုတ်ဒေသနာ ၁၁၁ ပါး။

ဦးဗွေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>✡ ၁၀း၁ | الر تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ۞<br>အလက်ဖ်၊လမ်၊ရာ✡  ဤသည် ရှင်းလင်းထင်ရှားသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ |
| ၂။<br>၄၁း၄၄ | إِنَّا أَنزَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ۞<br>သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ငါသည် ၎င်းကို အာရဗီ ကုရ်အာန်အဖြစ် ချမှတ်ပေး၏။ |
| ၃။<br>သမိုင်း | نَحْنُ نَقُصُّ عَلَيْكَ أَحْسَنَ الْقَصَصِ بِمَا أَوْحَيْنَا إِلَيْكَ هَذَا الْقُرْآنَ وَإِن كُنتَ مِن قَبْلِهِ لَمِنَ الْغَافِلِينَ۞<br>ဤကုရ်အာန်ကျမ်းအား သင့်ထံ၌ အာရုံဝင်စားစေခြင်းဖြင့် ငါသည် သင့်အား အကောင်းဆုံးသော **အကြောင်းချက်များ**ကို ရှင်းလင်းဆင့်ဆိုပေး၏၊ သည့်မတိုင်မီ သင်သည် မေ့လျော့နေသူများမှ ဖြစ်ရာ၏။ |
| ၄။ | إِذْ قَالَ يُوسُفُ لِأَبِيهِ يَا أَبتِ إِنِّي رَأَيْتُ أَحَدَ عَشَرَ كَوْكَبًا وَالشَّمْسَ وَالْقَمَرَ رَأَيْتُهُمْ لِي سَاجِدِينَ۞<br>ယူဆွဖ်က သူ၏ ဖခင်အား “အို အဖေ၊ ကျွန်ုပ်သည် ဂြိုလ် ဆယ့်တစ်လုံး၊ နေနှင့် လတို့ကို အမြင်ရ၏။ ၎င်းတို့က ကျွန်ုပ်အား ဦးချနေကြောင်း အမြင်ရ၏၊”ဟု ပြောသောအခါ။[၅၅၀] |
| ၅။<br>✡ ၂း၁၄ | قَالَ يَا بُنَيَّ لاَ تَقْصُصْ رُؤْيَاكَ عَلَى إِخْوَتِكَ فَيَكِيدُواْ لَكَ كَيْدًا إِنَّ الشَّيْطَانَ لِلإِنسَانِ عَدُوٌّ مُّبِينٌ۞<br>သူက “အို ချစ်သား၊ သင့်အား ဆန့်ကျင်၍ မကြံစည်အပ်သည်ကို မကြံစည်အံ့ငှာ၊ သင့် အမြင်အား သင့် အစ်ကိုတို့ထံ မဆင့်ပြန်လေနှင့်၊ ကေန်ပင် မကောင်းဆိုးဝါးသည်✡ လူသားတို့အတွက် ပွင့်လင်းသော ပြိုင်ဘက်ပင် ဖြစ်၏၊– |
| ၆။<br>✡ ၂း၁၂၄<br>၂း၁၃၀ | وَكَذَلِكَ يَجْتَبِيكَ رَبُّكَ وَيُعَلِّمُكَ مِن تَأْوِيلِ الأَحَادِيثِ وَيُتِمُّ نِعْمَتَهُ عَلَيْكَ وَعَلَى آلِ يَعْقُوبَ كَمَا أَتَمَّهَا عَلَى أَبَوَيْكَ مِن قَبْلُ إِبْرَاهِيمَ وَإِسْحَقَ إِنَّ رَبَّكَ عَلِيمٌ حَكِيمٌ۞<br>–ဤသို့ သင်၏ကံကြမ္မာရှင်သည် သင့်အား နှစ်သက်တော်မူ၏။ ဖွင့်ဆိုရှင်းပြခြင်း အတတ်ကို သင်ပေးတော်မူ၏။ ရှေးက သင်၏ ဘိုးဘွား အီဗရာဟီးမ်နှင့် အီစ္စဟာ့က်တို့ကဲ့သို့✡ သင်နှင့်တကွ ယာကုဗ်၏ အနွယ်တို့အား ဂုဏ်ပေးခြင်းကို ဖြည့်ဆီးပေး၏၊ ကေန်ပင် သင့်ကံကြမ္မာရှင်သည် ကုန်စင်သိနေတော်မူ၏၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏၊”ဟု ဆို၏။ |
| ၇။ | لَّقَدْ كَانَ فِي يُوسُفَ وَإِخْوَتِهِ آيَاتٌ لِّلسَّائِلِينَ۞<br>ပညာရှာမှီးသူတို့အတို့ ယူဆွဖ်နှင့် သူ၏ အစ်ကိုများ၌၊ သက်သေလက္ခဏာများ ရှိနေ၏။ |
| ၈။ | إِذْ قَالُواْ لَيُوسُفُ وَأَخُوهُ أَحَبُّ إِلَى أَبِينَا مِنَّا وَنَحْنُ عُصْبَةٌ إِنَّ أَبَانَا لَفِي ضَلاَلٍ مُّبِينٍ۞ |

(၅၅၀) ဤသုတ်တော်မှ **ရ–အ** ကို ဆရာတော်ကြီးများက အိပ်မက်–ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ထူးခြားသော အမြင်အာရုံရခြင်းကို ခေါ်ဆို၍ သာမန်ရိုးရိုး အိပ်မက် မဟုတ်ချေ။ အိပ်မက်ကို **أَحْلاَمٍ** ဟု ခေါ်ကြောင်း သုတ်တော် ၄၄ တွင် တွေ့နိုင်သည်။

| | |
|---|---|
| အများ<br>စုဖြစ် | သူတို့က ''ကျွန်ုပ်တို့သည် ပို၍ **အားတောင့်**သော်လည်း၊ ယုဆွဖ်နှင့် သူ့ညီကို အဖေက ပို၍ နှစ်သက်၏၊ အမှန်ပင် အဖေသည် ရှင်းလင်းစွာ လမ်းလွဲနေပြီ– |
| ၉။<br>ကမ္ဘာ၏<br>ဒေသ<br>တစ်ခု၌ | **اقْتُلُواْ يُوسُفَ أَوِ اطْرَحُوهُ أَرْضًا يَخْلُ لَكُمْ وَجْهُ أَبِيكُمْ وَتَكُونُواْ مِن بَعْدِهِ قَوْمًا صَالِحِينَ ۝**<br>ယုဆွဖ်အား သတ်ပစ်ကြစို့၊ သို့မဟုတ် **တစ်နေရာရာ၌** ပစ်ထားကြပါစို့၊ သို့ဖြစ်လျှင် အဖေသည် သင်တို့အား မျက်နှာသာ ပေးလိမ့်မည်။ ထို့နောက် သင်တို့သည် ပြုပြင်သော လူမျိုးစု ဖြစ်လာလိမ့်မည်၊''ဟု ဆို၏။ |
| ၁၀။ | **قَالَ قَآئِلٌ مَّنْهُمْ لاَ تَقْتُلُواْ يُوسُفَ وَأَلْقُوهُ فِي غَيَابَةِ الْجُبِّ يَلْتَقِطْهُ بَعْضُ السَّيَّارَةِ إِن كُنتُمْ فَاعِلِينَ ۝**<br>သူတို့အနက် ပြောသူတစ်ဦးက ''ယုဆွဖ်အား မသတ်ပါနှင့်၊ သင်တို့သည် တစ်စုံတစ်ခု ပြုရမည် ဆိုသော်၊ ခရီးသည် တစ်ချို့က ကောက်ယူသွားအံ့ငှာ သူ့အား တွင်းနက်တစ်ခုတွင်းသို့ ပစ်ချထားလော့၊''ဟု ဆိုကာ– |
| ၁၁။ | **قَالُواْ يَا أَبَانَا مَا لَكَ لاَ تَأْمَنَّا عَلَى يُوسُفَ وَإِنَّا لَهُ لَنَاصِحُونَ ۝**<br>သူတို့က ''အို အဖေ၊ ကျွန်ုပ်တို့သည် ရင်းနှီးပတ်သက် သူများ ဖြစ်ပါလျှက်၊ ယုဆွဖ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အား အဘယ်ကြောင့် စိတ်မချပါသနည်း၊– |
| ၁၂။ | **أَرْسِلْهُ مَعَنَا غَدًا يَرْتَعْ وَيَلْعَبْ وَإِنَّا لَهُ لَحَافِظُونَ ۝۝**<br>–ကျွန်ုပ်တို့နှင့်အတူ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် မနက်ဖြန်၌ သူ့အား စေပို့လော့၊ ကျွန်ုပ်တို့သည် သူ့အား စောင့်ရှောက်ပါမည်။''ဟု ဆိုကြသော်။ |
| ၁၃။<br>ဖခင် | **قَالَ إِنِّي لَيَحْزُنُنِي أَن تَذْهَبُواْ بِهِ وَأَخَافُ أَن يَأْكُلَهُ الذِّئْبُ وَأَنتُمْ عَنْهُ غَافِلُونَ ۝**<br>**သူ**က ''ကေန်ပင်၊ ကျွန်ုပ်သည် သူ့အား အဝေးသို့ယူသွားမည်ကို စိတ်ပူမိ၏။ သင်တို့ မေ့လျော့နေစဉ်တွင် သူ့အား ဝံပုလွေ ဝါးမြိုမည်ကို စိုးရိမ်၏၊''ဟု ဆို၏။ |
| ၁၄။<br>အများစု<br>ဖြစ်၏ | **قَالُواْ لَئِنْ أَكَلَهُ الذِّئْبُ وَنَحْنُ عُصْبَةٌ إِنَّا إِذًا لَّخَاسِرُونَ ۝**<br>သူတို့က ''ကျွန်ုပ်တို့သည် **အားတောင့်လှ၏**။ ကျွန်ုပ်တို့ ပျက်စီးပြီးမှ သူအား ဝံပုလွေ ဝါးမြိုနိုင်လိမ့်မည်၊''ဟု ဆိုကြ၏။ |
| ၁၅။ | **فَلَمَّا ذَهَبُواْ بِهِ وَأَجْمَعُواْ أَن يَجْعَلُوهُ فِي غَيَابَةِ الْجُبِّ وَأَوْحَيْنَآ إِلَيْهِ لَتُنَبِّئَنَّهُم بِأَمْرِهِمْ هَذَا وَهُمْ لاَ يَشْعُرُونَ ۝**<br>သူ့အား အဝေးသို့ ယူသွားကြသော အခါ၊ သူ့အား တွင်းနက်ထဲ၌ ပစ်ချရန် အလုပ်ကို အားလုံးညီညွတ်ကြ၏။ ငါက သူ့အား ''သူတို့ သတိမမူမိသော အချိန်၌ သင်သည် ဤအကြောင်းကို သူတို့အား ပြန်လည်ဆင့်ပြန် မိန့်ညွှန်ရလတ္တံ့''ဟု အာရုံဖြစ်ပေါ်စေ၏။ |
| ၁၆။ | **وَجَاؤُواْ أَبَاهُمْ عِشَاء يَبْكُونَ ۝**<br>သူတို့သည် ညနေပိုင်းတွင် ငိုကြွေးကာ ဖခင်ထံသို့ ပြန်လာကြလျှက်– |
| ၁၇။ | **قَالُواْ يَا أَبَانَا إِنَّا ذَهَبْنَا نَسْتَبِقُ وَتَرَكْنَا يُوسُفَ عِندَ مَتَاعِنَا فَأَكَلَهُ الذِّئْبُ وَمَا أَنتَ بِمُؤْمِنٍ لِّنَا وَلَوْ كُنَّا صَادِقِينَ ۝**<br>''အို အဖေ၊ ကျွန်ုပ်တို့သည် ယုဆွဖ်အား ကျွန်ုပ်တို့၏ ပစ္စည်းများ အနား၌ ထား၍၊ အချင်းချင်း အပြေးပြိုင်နေကြစဉ်၊ သူ့အား ဝံပုလွေ ဝါးမြိုသွားပါ၏။ ကျွန်ုပ်တို့သည် ဖြောင့်မှန်စွာ ပြောဆိုပါသော်လည်း၊ ကျွန်ုပ်တို့အား ယုံကြည်မည် မဟုတ်ပါ၊''ဟု ဆို၍– |
| ၁၈။ | **وَجَآؤُوا عَلَى قَمِيصِهِ بِدَمٍ كَذِبٍ قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا فَصَبْرٌ جَمِيلٌ وَاللّهُ الْمُسْتَعَانُ عَلَى مَا** |

تَصِفُونَ۞

ဖခင သူတို့သည် လုပ်ကြံထားသော သွေးများဖြင့် သူ့အင်္ကျီအား ယူခဲ့၏။ **သူ**က “မဟုတ်တန်ရာ၊ သင်တို့၏ စရိုက်က စီမံခြင်း ဖြစ်ရာ၏။ သို့သော် သည်းခံခြင်းသည် မွန်မြတ်၏၊ သင်တို့ ဖေါ်ပြချက်များ၌ ပရမတ်ဘုရားရှင်၏ ထံ၌သာ အကူအညီကို တောင်းခံရတော့မည်၊”ဟု ညီးတွား၏။

၁၉။ وَجَاءتْ سَيَّارَةٌ فَأَرْسَلُواْ وَارِدَهُمْ فَأَدْلَى دَلْوَهُ قَالَ يَا بُشْرَى هَذَا غُلاَمٌ وَأَسَرُّوهُ بِضَاعَةً وَاللّهُ عَلِيمٌ بِمَا
يَعْمَلُونَ۞

ခရီးသွားတစ်စုသည် ထိုအနားသို့ ရောက်လာကြ၍၊ ရေခပ်သူတစ်ဦးအား စေစားလိုက်သော်၊ သူသည် ရေပုံးကို ချလိုက်သောအခါ၊ “ဝမ်းသာစရာပင်၊ ဤမှာ သူငယ်တစ်ဦးပါလား၊”ဟု ဆို၍၊ သတင်းဖုံးလျှက် ယူသွား၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား သိနေတော်မူပေ၏။

၂၀။ وَشَرَوْهُ بِثَمَنٍ بَخْسٍ دَرَاهِمَ مَعْدُودَةٍ وَكَانُواْ فِيهِ مِنَ الزَّاهِدِينَ۞

သူတို့သည် သူ့အား ငွေဒင်္ဂါး အနည်းငယ်ဖြင့် ရောင်းစားကြ၏။ သူတို့က သူ့အား တန်ဘိုးထားရန် ဆန္ဒမရှိကြချေ။

၂၁။ وَقَالَ الَّذِي اشْتَرَاهُ مِن مِّصْرَ لاِمْرَأَتِهِ أَكْرِمِي مَثْوَاهُ عَسَى أَن يَنفَعَنَا أَوْ نَتَّخِذَهُ وَلَدًا وَكَذَلِكَ مَكَّنِّا لِيُوسُفَ
فِي الأَرْضِ وَلِنُعَلِّمَهُ مِن تَأْوِيلِ الأَحَادِيثِ وَاللّهُ غَالِبٌ عَلَى أَمْرِهِ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۞

အီဂျစ်ပြည်သားထဲမှ သူ့အား ဝယ်သူက ဇနီးသည်အား “သူ့အား ကောင်းမွန်စွာ ဧည့်ခံလော့၊ ကျွန်ုပ်တို့အတွက် သူသည် အကျိုးရှိနိုင်ရာ၏၊ သို့မဟုတ် သားအဖြစ် မွေးစားသင့်၏၊”ဟု ဆို၏။ သူ့အား ဖွင့်ဆိုရှင်းပြခြင်း အတတ်ကို သင်ပေးတော်မူရန် ငါသည် မြေကမ္ဘာ၌ ဤသို့နေရာချပေးထား၏။ ပရမတ်ဘုရားရှင်သည် စီမံချက်ကို အောင်မြင်စွာ ချပြီးဖြစ်၏။ သို့သော် လူသား အများစုကြီးကား သိနိုင်ကြသည် မဟုတ်ချေ။

၂၂။ وَلَمَّا بَلَغَ أَشُدَّهُ آتَيْنَاهُ حُكْمًا وَعِلْمًا وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۞

သူသည် အရွယ်ရောက် လူလားမြောက်သောအခါ၊ သူ့အား အသိပညာနှင့် ဆုံးဖြတ်နိုင်စွမ်းကို ပေးအပ်၏။ ဤသို့ ငါသည် ကောင်းမွန်သူများကို ဆုပေးတော်မူ၏။

၂၃။ وَرَاوَدَتْهُ الَّتِي هُوَ فِي بَيْتِهَا عَن نَّفْسِهِ وَغَلَّقَتِ الأَبْوَابَ وَقَالَتْ هَيْتَ لَكَ قَالَ مَعَاذَ اللّهِ إِنَّهُ رَبِّي أَحْسَنَ
مَثْوَايَ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ۞

သူနေသော အိမ်မှ အိမ်ရှင်မက သူ့အား စိတ်ရိုင်းဝင်ရန် လှုံ့ဆော်၏။ အိမ်ကို အလုံပိတ်လျှက် “ကျွန်ုပ်သည် သင့်အတွက် ဖြစ်၏၊”ဟု ဆိုသော်၊ သူက “ပရမတ်ဘုရားရှင်သည် ကျွန်ုပ်အား ကာကွယ်လတ္တံ့၊ အရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၍၊ ကျွန်ုပ်အား အကောင်းဆုံး ခိုနားရာကို ပေး၏။ အမိုက်စီးသူများ အတွက် အောင်မြင်မှု မရှိချေ၊”ဟု ဆို၏။

၂၄။ وَلَقَدْ هَمَّتْ بِهِ وَهَمَّ بِهَا لَوْلا أَن رَّأَى بُرْهَانَ رَبِّهِ كَذَلِكَ لِنَصْرِفَ عَنْهُ السُّوءَ وَالْفَحْشَاء إِنَّهُ مِنْ عِبَادِنَا
الْمُخْلَصِينَ۞

သူမသည် သူ့ကို တပ်မက်မိ၏။ သူ့ကံကြမ္မာရှင်၏ထံမှ သက်သေအထောက်အားကို မတွေ့ခဲ့ရလျှင် သူသည်လည်း သူမအား တပ်မက်မိလတ္တံ့။ ဤသို့ ငါသည် သူ့ထံမှ အကုသိုလ်နှင့် မကြားဝံ့မနာသာမှုကို ကင်းစင်စေ၏။ သူသည် ငါ့အား သန့်သန့်ထား ကိုးကွယ်သူများမှ ဖြစ်၏။

၂၅။ وَاسُتَبَقَا الْبَابَ وَقَدَّتْ قَمِيصَهُ مِن دُبُرٍ وَأَلْفَيَا سَيِّدَهَا لَدَى الْبَابِ قَالَتْ مَا جَزَاء مَنْ أَرَادَ بِأَهْلِكَ سُوَءًا إِلاَّ

| | |
|---|---|
| | أَن يُسْجَنَ أَوْ عَذَابٌ أَلِيمٌ ۞<br>သူတို့နှစ်ဦး တံခါးဝသို့ အပြိုင်ပြေးကြစဉ်၊ သူ့အင်္ကျီအား သူမက နောက်မှ ဆွဲဆုတ်၏။ သူမ၏ ခင်ပွန်းအား တံခါးဝတွင် တွေ့သောအခါ၊ သူမက "သင့် အိမ်ရှင်မအား မကောင်းမှု ကြံလိုသူအား၊ ထောင်ဒဏ် သို့မဟုတ် နာကျင်သော ဝဋ်ကြွေးမှ အပ မည်သည့် အကျိုးကို ပေးလိုသနည်း၊"ဟု ဆိုသော်– |
| ၂၆။<br>ယူဆွဖ် | قَالَ هِيَ رَاوَدَتْنِي عَن نَّفْسِي وَشَهِدَ شَاهِدٌ مِّنْ أَهْلِهَا إِن كَانَ قَمِيصُهُ قُدَّ مِن قُبُلٍ فَصَدَقَتْ وَهُوَ مِنَ الكَاذِبِينَ ۞<br>**သူ**က"သူမသည် ကျွန်ုပ်၏ စိတ်ကို မှောက်မှားရန်ကြံပါ၏၊"ဟု ပြန်ပြောသောအခါ၊ သူမ၏ အိမ်သားများထဲမှ သက်သေ တစ်ဦးက "အကယ်၍ အင်္ကျီသည် ရှေ့မှ စုတ်ပြဲလျှင် သူမသည် ဖြောင့်မှန်၍၊ သူသည် လိမ်ညာသူမှ ဖြစ်၏– |
| ၂၇။ | وَإِنْ كَانَ قَمِيصُهُ قُدَّ مِن دُبُرٍ فَكَذَبَتْ وَهُوَ مِن الصَّادِقِينَ ۞<br>–အကယ်၍၊ အင်္ကျီသည် နောက်မှ စုတ်ပြဲလျှင် သူမသည် လိမ်ညာ၍၊ သူသည် ဖြောင့်မှန်သူမှ ဖြစ်၏။"ဟု ဝင်ပြော၏။ |
| ၂၈။<br>အိမ်ရှင် | فَلَمَّا رَأَى قَمِيصَهُ قُدَّ مِن دُبُرٍ قَالَ إِنَّهُ مِن كَيْدِكُنَّ إِنَّ كَيْدَكُنَّ عَظِيمٌ ۞<br>**သူ**သည် အင်္ကျီမှာ နောက်ဘက်မှ စုတ်ပြဲနေသည်ကို တွေ့သောအခါ၊ "ဧကန်ပင် ဤသည်မှာ သင်မ၏ ကြံစည်မှုသာ ဖြစ်၏။ သင်မ၏ ကြံစည်မှုသည် ကြီးမားလှ၏။– |
| ၂၉။ | يُوسُفُ أَعْرِضْ عَنْ هَذَا وَاسْتَغْفِرِي لِذَنبِكِ إِنَّكِ كُنتِ مِنَ الْخَاطِئِينَ ۞<br>–ယူဆွဖ်၊ ဤကိစ္စသည် သင်နှင့် ကင်းဝေး၏။ သင်မ မှာကား သင့်အပြစ်မှ လွတ်ငြိမ်းမှုကို ရှာလော့၊ သင်မသည် မိုက်မှားသူများမှ ဖြစ်၏၊"ဟု ဆို၏။ |
| ၃၀။ | وَقَالَ نِسْوَةٌ فِي الْمَدِينَةِ امْرَأَةُ الْعَزِيزِ تُرَاوِدُ فَتَاهَا عَن نَّفْسِهِ قَدْ شَغَفَهَا حُبًّا إِنَّا لَنَرَاهَا فِي ضَلَالٍ مُّبِينٍ ۞<br>မြို့မှ အမျိုးသမီးများက "မြို့ပိုင်မင်း ကတော်သည် အိမ်စေထံမှ စိတ်မှားကို တောင်း၏၊ မုချပင် သူမသည် ချစ်စိတ်မွှန်နေ၏၊ သူမသည် ထင်ရှားစွာ လမ်းလွဲနေသည်ကို ကျွန်ုပ်တို့ မြင်ရပြီ၊"ဟု ဆိုကြ၏။ |
| ၃၁။<br>ယူဆွဖ်အား<br>❖ ၅း၃၈<br>✡ ၂း၂၀ | فَلَمَّا سَمِعَتْ بِمَكْرِهِنَّ أَرْسَلَتْ إِلَيْهِنَّ وَأَعْتَدَتْ لَهُنَّ مُتَّكَأً وَآتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ سِكِّينًا وَقَالَتِ اخْرُجْ عَلَيْهِنَّ فَلَمَّا رَأَيْنَهُ أَكْبَرْنَهُ وَقَطَّعْنَ أَيْدِيَهُنَّ وَقُلْنَ حَاشَ لِلّهِ مَا هَذَا بَشَرًا إِنْ هَذَا إِلاَّ مَلَكٌ كَرِيمٌ ۞<br>ထိုအတင်းစကားကို သူမကြားသောအခါ၊ သူမတို့ထံ စေစား၍၊ သူမတို့အတွက် နေရာထိုင်ခင်း ပြင်ဆင်လျက် တစ်ဦးစီအား ဓါးငယ်တစ်ချောင်း ပေးထားကာ၊ **သူ့အား** "သူမတို့ထံသို့ ဝင်သွားလော့၊"ဟု ဆို၏။ သူမတို့သည် **သူ့အား** မြင်သောအခါ၊ ကြီးကျယ်လှရဲ့ ဟု ရေရွတ်လျက် သူမတို့လက်ကို သူမတို့ ဖြတ်မိကြပြီး၊❖ "အစိန္တေယျ–ဘုရားရေ[၅၅၁] ဤသည်မှာ လူသား မဟုတ်ပေ၊ ကျက်သရေရှိသော နတ်မင်းသားပင်✡ ဖြစ်၏။"ဟု ဆိုကြ၏။ |
| ၃၂။ | قَالَتْ فَذَلِكُنَّ الَّذِي لُمْتُنَّنِي فِيهِ وَلَقَدْ رَاوَدتُّهُ عَن نَّفْسِهِ فَاسَتَعْصَمَ وَلَئِن لَّمْ يَفْعَلْ مَا آمُرُهُ لَيُسْجَنَنَّ وَلَيَكُونًا مِّنَ الصَّاغِرِينَ ۞<br>သူမက "ကျွန်ုပ်အား သင်မတို့ ချစ်မိုက်မှားသည်ဟု ပြစ်တင်ခြင်းမှာ သူ့ကြောင့် ဖြစ်၏။ ကျွန်ုပ်သည် သူ့ထံမှ စိတ်မှားကို လိုလား၏။ သို့သော် သူသည် ချုပ်တီးနိုင်သူ ဖြစ်၏။ အကယ်၍ သူသည် ကျွန်ုပ် စီမံသည်ကို မပြုလုပ်လျှင် သူ့အား ထောင်ဒဏ်ကျစေမည်၊ အရှက်ကွဲ အကျိုးနဲသူများမှ ဖြစ်ရေစေမည်။"ဟု ဆိုသော်၊ |

(၅၅၁) **ဟာရှာလိလာဟ် حَاشَ لِلّهِ** ဆိုသည်မှာ အလွန်တရာ အံ့သြခြင်း၊ အလွန်အမင်း ကြည်ညိုလေးစားခြင်းများကို တွေ့သောအခါ၊ "ဘုရားရေ" ဟု တသ သကဲ့သို့ ယေဘုယျ အသုံးအနှုန်း ဖြစ်ပေသည်။

၃၃။ قَالَ رَبِّ السِّجْنُ أَحَبُّ إِلَيَّ مِمَّا يَدْعُونَنِي إِلَيْهِ وَإِلاَّ تَصْرِفْ عَنِّي كَيْدَهُنَّ أَصْبُ إِلَيْهِنَّ وَأَكُن مِّنَ الْجَاهِلِينَ ۝

ယူဆွဖ်

**သူ**က “အို ကံကြမ္မာရှင်၊ သူမတို့ ဖိတ်ခေါ်သော အရာထက် ထောင်ကို တပည့်တော် ပို၍ နှက်သစ်ပါ၏။ အကယ်၍ အရှင်သည် သူမတို့၏ ကြံစီမှုကို တပည့်တော်ဘက်မှ မဖယ်ရှားပေးလျှင် တပည့်တော်သည် ပညာမဲ့သူ အဖြစ် သူမတို့ ဘက်သို့ ယိမ်းယိုင် မိချေမည်။”ဟု ရင့်ကျူး၏။

၃၄။ فَاسْتَجَابَ لَهُ رَبُّهُ فَصَرَفَ عَنْهُ كَيْدَهُنَّ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ۝

သူ့ကံကြမ္မာရှင်သည် သူ၏ ဆုတောင်းအား ပြည့်စေလျှက် သူမတို့၏ ကြံစီမှုမှ ဖယ်ရှားသုတ်သင်ပေး၏။ ကေန်ပင် အရှင်သည် ကြားနေသော အရှင် သိနေသော အရှင် ဖြစ်၏။

၃၅။ ثُمَّ بَدَا لَهُم مِّن بَعْدِ مَا رَأَوُاْ الآيَاتِ لَيَسْجُنُنَّهُ حَتَّى حِينٍ ۝

သို့နောက်၊ သူတို့သည် နိမိတ်လက္ခဏာများကို မြင်တွေ့ရပြီး၊ သူ့အား ကာလတစ်ခုအထိ ထောင်ချထား၏။[၅၂]

၃၆။ وَدَخَلَ مَعَهُ السِّجْنَ فَتَيَانَ قَالَ أَحَدُهُمَآ إِنِّي أَرَانِي أَعْصِرُ خَمْرًا وَقَالَ الآخَرُ إِنِّي أَرَانِي أَحْمِلُ فَوْقَ رَأْسِي خُبْزًا تَأْكُلُ الطَّيْرُ مِنْهُ نَبِّئْنَا بِتَأْوِيلِهِ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ ۝

သူနှင့်အတူ အခြားလုလင်ပျို နှစ်ဦးလည်း ထောင်ထဲသို့ ဝင်လာ၏။ သူတို့မှ တစ်ဦးက “ကျွန်ုပ်သည် အရက်ရရန် ညှစ် ထုတ်နေသည် ဟု အမြင်ရ၏”ဟု ဆို၍။ အခြားတစ်ဦးက “ကျွန်ုပ်သည် ခေါင်းပေါ်၌ မုန့်များကို ရွက်ထားစဉ်၊ ၎င်းအား ငှက်များ စားနေသည်ကို အမြင်ရ၏။ ၎င်းတို့ကို ဖွင့်ဆို ဆင့်ပြန်ပေးပါ။ အသင်သည် ကောင်းမွန်သူများမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရ၏။”ဟု ဆိုသော်–

၃၇။ قَالَ لاَ يَأْتِيكُمَا طَعَامٌ تُرْزَقَانِهِ إِلاَّ نَبَّأْتُكُمَا بِتَأْوِيلِهِ قَبْلَ أَن يَأْتِيكُمَا ذَلِكُمَا مِمَّا عَلَّمَنِي رَبِّي إِنِّي تَرَكْتُ مِلَّةَ قَوْمٍ لاَّ يُؤْمِنُونَ بِاللّهِ وَهُم بِالآخِرَةِ هُمْ كَافِرُونَ ۝

သူက “သင်တို့အား ကျွေးမွေးသည့် ရိက္ခာအား မပေးရောက်သေး၊ ထိုအရာများ မပေးရောက်မှီ သင်တို့အား ကျွန်ုပ် ဖွင့်ဆို ဆင့်ပြန်ပေးမည်။ ဤသည်တို့မှာ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံမှ ကျွန်ုပ်အား အသိပေးခြင်းမှ ဖြစ်၏။ ကေန်ပင် ကျွန်ုပ်သည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝအား မယုံကြည်သော ဖုံးကွယ်သူ လူမျိုးများ၏ ပဋိပတ်ကို စွန့်ရှောင်၏။–

၃၈။ وَاتَّبَعْتُ مِلَّةَ آبَآئِي إِبْرَاهِيمَ وَإِسْحَقَ وَيَعْقُوبَ مَا كَانَ لَنَا أَن نُّشْرِكَ بِاللّهِ مِن شَيْءٍ ذَلِكَ مِن فَضْلِ اللّهِ عَلَيْنَا وَعَلَى النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَشْكُرُونَ ۝

–ကျွန်ုပ်၏ ဘဘိုးဖြစ်သော အီဗရာဟီးမ်၊ အီစ္စဟာ့က်၊ ယာကုဗ်တို့၏ ပဋိပတ်ကို လိုက်နာ၏။ ကျွန်ုပ်တို့သည် ပရမတ် ဘုရားရှင်အား တစ်စုံတစ်ရာဖြင့် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။ ကျွန်ုပ်တို့နှင့် လူသားအပေါင်းအား ပရမတ် ဘုရားရှင်၏ ဂုဏ်ပေးမှုသည် ရှိ၏။ သို့သော် လူသား အများစုသည် သတိမူနိုင်ခြင်း မရှိချေ။–

၃၉။ يَا صَاحِبَيِ السِّجْنِ أَأَرْبَابٌ مُّتَفَرِّقُونَ خَيْرٌ أَمِ اللّهُ الْوَاحِدُ الْقَهَّارُ ۝

–အို ကျွန်ုပ်၏ ထောင်ကျဖေါ်တို့၊ များစွာသော အရှင်သခင်များနှင့် တစ်ဆူတည်း လောကဓမ္မအား ပိုင်စိုးသော ပရမတ် ဘုရားရှင်မှာ မည်သူက ကောင်းမြတ်သနည်း။–

၄၀။ مَا تَعْبُدُونَ مِن دُونِهِ إِلاَّ أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَآؤُكُم مَّا أَنزَلَ اللّهُ بِهَا مِن سُلْطَانٍ إِنِ الْحُكْمُ إِلاَّ لِلّهِ

(၅၂) ကိုယ်တော် ယူဆွဖ်အား ထောင်ချထားခြင်းမှာ ကိုယ်တော်သည် ပြစ်မှု ကျူးလွန်ခြင်းကြောင့် မဟုတ်ချေ။ မြို့ပိုင်မင်း ကတော်၏ စိတ်ဆန္ဒ အလျှောက်သာ ဖြစ်ကြောင်းကို သုတ်တော် ၃၂ တွင် ဖေါ်ပြထားပြီး ဖြစ်ပေသည်။

أَمَرَ أَلاَّ تَعْبُدُواْ إِلاَّ إِيَّاهُ ذَلِكَ الدِّينُ الْقَيِّمُ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ۞

–အရှင့်အား တုဘက်လျှက် သင်တို့ကိုးကွယ်သော အရာများသည် သင်တို့နှင့် သင်တို့၏ မိဘဘိုးဘွားတို့က ဂုဏ်တော်သတ်မှတ် အမည်ပေးထားရာများသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ထိုအတွက် အထောက်အထား ချမှတ်ထားခြင်း မရှိချေ။ အဆုံးအဖြတ်အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ရှိ၏။ အရှင်မှအပ အခြားကို မကိုးကွယ်ကြရန် သင်တို့အား စီမံထား၏။ ဤသည် တည်တံ့ခိုင်မြဲသော သာသနာပေတည်း။ သို့သော် လူသား အများစုမှာ သိနိုင်ကြသည် မဟုတ်ချေ။ –

၄၀။ يَا صَاحِبَيِ السِّجْنِ أَمَّا أَحَدُكُمَا فَيَسْقِي رَبَّهُ خَمْرًا وَأَمَّا الآخَرُ فَيُصْلَبُ فَتَأْكُلُ الطَّيْرُ مِن رَّأْسِهِ قُضِيَ الأَمْرُ الَّذِي فِيهِ تَسْتَفْتِيَانِ۞

–အို ကျွန်ုပ်၏ ထောင်ကျဖော်တို့၊ သင်တို့အနက် တစ်ဦးမှာ သူ၏ အရှင်အတွက် အရက်တော် ဆက်ရမည်။ အခြားတစ်ဦးမှာကား ကားစင် တင်ခံရလိမ့်မည် သို့ဖြင့် သူ့ဦးခေါင်းမှ ငှက်များ ထိုးဆိတ်စားလိမ့်မည်။ သင်တို့ စူးစမ်းသော အစီအမံ ပြီးပြည့်လာမည်မှာ ဤအတိုင်း ဖြစ်၏၊”ဟု ဆို၏။

၄၂။ وَقَالَ لِلَّذِي ظَنَّ أَنَّهُ نَاجٍ مِّنْهُمَا اذْكُرْنِي عِندَ رَبِّكَ فَأَنسَاهُ الشَّيْطَانُ ذِكْرَ رَبِّهِ فَلَبِثَ فِي السِّجْنِ بِضْعَ سِنِينَ۞

ယူဆွဖ်
သည်

သူတို့မှ လွတ်မြောက်မည်ဟု ထင်မြင်သူအား “သင့်အရှင်၏ ထံ၌ ကျွန်ုပ်အကြောင်းကို သတိဖေါ်ပေးလော့၊”ဟု မှာလိုက်၏။ သို့သော် သူ့အရှင်ရှေ့၌ သတိဖေါ်ပေးရန် မကောင်းဆိုးဝါးက သူ့အား သတိလစ်ဟင်းစေ၏။ ထို့ကြောင့် သူသည် ထောင်ထဲတွင် နှစ်အတော်ကြာ ဆိုင်းနေလိုက်ရ၏။[၅၅၃]

၄၃။ وَقَالَ الْمَلِكُ إِنِّي أَرَى سَبْعَ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعَ سُنبُلاَتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ يَا أَيُّهَا الْمَلأُ أَفْتُونِي فِي رُؤْيَايَ إِن كُنتُمْ لِلرُّؤْيَا تَعْبُرُونَ۞

ဘုရင်မင်းက “ကျွန်ုပ်သည် ပိန်လှီသော နွားမ ခုနစ်ကောင်က ဝဖြိုးသော နွားမ ခုနစ်ကောင်ကို စားနေသည်ကို လည်းကောင်း၊ စိမ်းစိုသော စပါးခုနစ်နှံနှင့် အခြား အနှံခြောက်များကိုလည်းကောင်း အမြင်ရ၏။ အို ကျွန်ုပ်၏ အကြံပေးတို့ သင်တို့သည် အမြင်ရမှုများကို အဓိပ္ပါယ်ကောက်တတ်လျှင်၊ ကျွန်ုပ်၏ အမြင်ရမှုအား အနက် ကောက်ပေးကြလော့၊” ဟု ဆိုသော်။

၄၄။ قَالُواْ أَضْغَاثُ أَحْلاَمٍ وَمَا نَحْنُ بِتَأْوِيلِ الأَحْلاَمِ بِعَالِمِينَ۞

သူတို့က “မှုံဝါးဝါး အိပ်မက်များ ဖြစ်၍၊ ကျွန်ုပ်တို့သည် ဤသို့ ရှုပ်ထွေးနေသော အိပ်မက်များကို ဖွင့်ဆိုရန် အသိမရှိပါ၊”ဟု ဆိုကြ၏။

၄၅။ وَقَالَ الَّذِي نَجَا مِنْهُمَا وَادَّكَرَ بَعْدَ أُمَّةٍ أَنَاْ أُنَبِّئُكُم بِتَأْوِيلِهِ فَأَرْسِلُونِ۞

ထိုအခါ သူတို့မှ လွတ်မြောက်လာသူက၊ ထို့နောက်တွင် သတိရလာ၍၊ “ကျွန်ုပ်သည် ၎င်းကို ဖွင့်ဆို ဆင့်ပြန်နိုင်၏။ သို့ဖြစ်၍ ကျွန်ုပ်ကို စေစားပါ၊”ဟု ဆို၍။

၄၆။ يُوسُفُ أَيُّهَا الصِّدِّيقُ أَفْتِنَا فِي سَبْعِ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعِ سُنبُلاَتٍ خُضْرٍ وَأُخَرَ

---

(၅၅၃) ရှေးဟောင်း အီဂျစ်ယဉ်ကျေးမှုတွင် ရှင်ဘုရင်များ၊ မိမိအုပ်ထိန်းစောင့်ရှောက်သူများအား ဘုရားရှင်အား သုံးနှုန်းသကဲ့သို့“အရှင်” ရဗ် رَبّ ဟု ခေါ်ဆိုခဲ့ကြောင်း (သုတ်တော် ၄၂။၅၀)၊ ဘုရင်မင်းမြတ်တို့အား ဦးချကန်တော့ သံတော်ဦးတင်လေ့ရှိကြောင်း (၁၂း၁၀၀) ကို ဤမဗ္ဗခန္ဓာတွင် တွေ့ရပေသည်။ အစ္စလာမ် သာသာနာ ထွန်းပေါ်ပြီးနောက် မည်မျှပင် ရာထူးဂုဏ်သိမ် မြင့်မား စေကာမူ ဘုရားနှင့် တစ်ဂိုဏ်းတည်း ကိုးကွယ်မှုများ၊ သုံးနှုန်းပြောဆိုမှုများကို ပယ်ဖျက်လိုက်ပေပြီ။

| | |
|---|---|
| | يَابِسَاتٍ لَّعَلِّي أَرْجِعُ إِلَى النَّاسِ لَعَلَّهُمْ يَعْلَمُونَ۞<br>“ယူဆွဖ်– အို ဖြောင့်မှန်စွာ ဆိုသူ၊ ကျွန်ုပ်သည် လူသားတို့ထံ သွားရောက်၍ အသိပေးနိုင်အံ့ငှာ၊ ပိန်လှီသော နွားမ ခုနစ်ကောင်က ဝဖြိုးသော နွားမ ခုနစ်ကောင်ကို စားနေခြင်း၊ စိမ်းစိုသော စပါးခုနစ်နှံနှင့် အခြား အနှံခြောက်များ ဖြစ်နေခြင်းကို ရှင်းပြပါ၊”ဟု မေးမြန်းသော်၊ |
| ၄၇။ | قَالَ تَزْرَعُونَ سَبْعَ سِنِينَ دَأَبًا فَمَا حَصَدتُّمْ فَذَرُوهُ فِي سُنبُلِهِ إِلاَّ قَلِيلاً مِّمَّا تَأْكُلُونَ۞<br>သူက “သင်တို့သည် ခုနစ်နှစ် ဆက်တိုက် သီးနှံစိုက်လော့၊ ၎င်းတို့အား ရိပ်သိမ်းသော အခါ၊ သင်တို့စားသုံးသော အနည်းငယ်မှ အပ အနှံအစေ့ မကြွေစေဘဲ ချန်ထားလော့။– |
| ၄၈။ | ثُمَّ يَأْتِي مِن بَعْدِ ذَلِكَ سَبْعٌ شِدَادٌ يَأْكُلْنَ مَا قَدَّمْتُمْ لَهُنَّ إِلاَّ قَلِيلاً مِّمَّا تُحْصِنُونَ۞<br>–ထို့နောက် ပြင်းထန်ခြောက်သွေ့သော ခုနစ်နှစ် လာလိမ့်မည်၊ အနည်းငယ် မှအပ၊ သိုလှောင်ကျန်ရှိနေသည်တို့ကို စားသုံးကြလော့။– |
| ၄၉။<br>ညှစ်<br>ထုတ် | ثُمَّ يَأْتِي مِن بَعْدِ ذَلِكَ عَامٌ فِيهِ يُغَاثُ النَّاسُ وَفِيهِ يَعْصِرُونَ۞<br>–ထို့နောက် နှစ်တစ်နှစ်ရောက်လာ၍၊ လူသားများသည် ရွှမ်းစိုကြလိမ့်မည်၊ ထိုနှစ်တွင် အရက်ချက်ကြလိမ့်မည်၊”ဟု ပြောပြ၏။ |
| ၅၀။<br>ယူဆွဖ် | وَقَالَ الْمَلِكُ ائْتُونِي بِهِ فَلَمَّا جَاءهُ الرَّسُولُ قَالَ ارْجِعْ إِلَى رَبِّكَ فَاسْأَلْهُ مَا بَالُ النِّسْوَةِ اللاَّتِي قَطَّعْنَ أَيْدِيَهُنَّ إِنَّ رَبِّي بِكَيْدِهِنَّ عَلِيمٌ۞<br>ဘုရင်မင်းက “သူ့ကို ကျွန်ုပ်ထံသို့ ဆောင်ခဲ့လော့၊”ဟု ဆို၍။ စေစားခံရသူသည် သူ့ထံသို့ ရောက်သောအခါ၊ “သင့် အရှင်ထံသို့ သင်ပြန်၍၊ လက်ကို ဖြတ်မိကြသော အမျိုးသမီးများ အကြောင်းကို မေးမြန်းလော့၊ ကျွန်ုပ်၏ ကံကြမ္မာရှင် သည် သူမတို့၏ ကြံစည်မှုကို သိနေတော်မူ၏၊ ဟု ဟောပြောလော့၊”ဟု ဆို၏။ |
| ၅၁။<br>✡<br>၁၂း၃၁ | قَالَ مَا خَطْبُكُنَّ إِذْ رَاوَدتُّنَّ يُوسُفَ عَن نَّفْسِهِ قُلْنَ حَاشَ لِلّهِ مَا عَلِمْنَا عَلَيْهِ مِن سُوءٍ قَالَتِ امْرَأَةُ الْعَزِيزِ الآنَ حَصْحَصَ الْحَقُّ أَنَاْ رَاوَدتُّهُ عَن نَّفْسِهِ وَإِنَّهُ لَمِنَ الصَّادِقِينَ۞<br>သူက “သင်တို့သည် ယူဆွဖ်ထံမှ စိတ်မှားကို လိုလားခြင်းမှာ မည်သို့ ဖြစ်ပျက်သနည်း၊”ဟု မေးသော်၊ သူတို့က “အစိန္တယျ၊ ဘုရားရှင်”✡ “ကျွန်မတို့သည် သူ့ထံမှ မည်သည့် အကုသိုလ်ကိုမှ မသိခဲ့ပါ၊”ဟု ဆိုကြ၏။ “မြို့ပိုင်းမင်း၏ ကတော်က “ယခုမှာကား အမှန်တရား ပေါ်ပေါက်လာပြီ၊ ကျွန်မသည် သူ့ထံမှ စိတ်မှားကို လိုလားခဲ့ပါ၏။ သို့သော် သူသည် ဖြောင့်မှန်သူများမှ ဖြစ်၏၊”ဟု ဆို၏။ |
| ၅၂။<br>အိမ်ရှင် | ذَلِكَ لِيَعْلَمَ أَنِّي لَمْ أَخُنْهُ بِالْغَيْبِ وَأَنَّ اللّهَ لاَ يَهْدِي كَيْدَ الْخَائِنِينَ۞<br>(ယူဆွဖ်က) “ဤသည်မှာ– ကျွန်ုပ်သည် **သူ**၏ ကွယ်ရာ၌ သူ့အား သစ္စာမဖေါက်ကြောင်းကို သိစေဘို့ရာ ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သစ္စာဖေါက်တို့၏ အကြံအစည်ကို လမ်းညွှန်တော်မမူချေ။– |
| ၅၃။ | وَمَا أُبَرِّىءُ نَفْسِي إِنَّ النَّفْسَ لأَمَّارَةٌ بِالسُّوءِ إِلاَّ مَا رَحِمَ رَبِّيَ إِنَّ رَبِّي غَفُورٌ رَّحِيمٌ۞<br>–အပြစ်ကင်းသော စိတ်ဟု မဆိုလိုပါ။ ကံကြမ္မာရှင်၏ ကရုဏာသက် ခံရခြင်းမှ အပ၊ ကေန်ပင် စိတ်သည် အကုသိုလ် ကိုသာ စီမံနေ၏။ ကံကြမ္မာရှင်သည်ကား လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်ပေ၏။” (ဟု ဆို၏။) |
| ၅၄။<br>သစ္စာ<br>ရှိသူ | وَقَالَ الْمَلِكُ ائْتُونِي بِهِ أَسْتَخْلِصْهُ لِنَفْسِي فَلَمَّا كَلَّمَهُ قَالَ إِنَّكَ الْيَوْمَ لَدَيْنَا مِكِينٌ أَمِينٌ۞<br>ဘုရင်မင်းက “စိတ်တိုင်းကျ ရွေးချယ်နိုင်အံ့ငှာ သူ့အား ကျွန်ုပ်ထံသို့ ဆောင်ခဲ့လော့၊”ဟု ဆိုပြီး၊ သူနှင့် ပြောဆိုပြီး သောအခါ၊ “ဤနေ့၌ သင်သည် ကျွန်ုပ်တို့ထံ၌ လေးစား အားကိုးရသူ ဖြစ်ပြီ၊”ဟု ဆိုသော်။ |

| | |
|---|---|
| ၅၅။<br>နယ်မြေ | **قَالَ اجْعَلْنِي عَلَى خَزَآئِنِ الأَرْضِ إِنِّي حَفِيظٌ عَلِيمٌ**<br>သူက "ကျွန်ုပ်အား **တိုင်းပြည်**၏၊ ဘဏ္ဍာထိန်း ခန့်အပ်တော်မူပါ၊ ကျွန်ုပ်သည် ထိန်းသိမ်းနည်းကို သိပါ၏။"ဟု ဆို၏။ |
| ၅၆။ | **وَكَذَلِكَ مَكَّنِّا لِيُوسُفَ فِي الأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ يَشَاء نُصِيبُ بِرَحْمَتِنَا مَن نَّشَاء وَلاَ نُضِيعُ أَجْرَ الْمُحْسِنِينَ**<br>တိုင်းပြည်၌ သူ့ဆန္ဒအတိုင်း ခန့်ခွဲနိုင်ရန်၊ ငါသည် ယူဆွဖ်အား ဤသို့ နေရာချပေးတော်မူ၏။ စံချိန်ပြည့်သူအား ငါ့ထံမှ ကရုဏာကို ကိန်းသက်စေ၏။ ကောင်းမွန်သူတို့၏ အကျိုးရလဒ်ကို အချီးနှီး မဖြစ်စေပေ။ |
| ၅၇။ | **وَلَأَجْرُ الآخِرَةِ خَيْرٌ لِّلَّذِينَ آمَنُواْ وَكَانُواْ يَتَّقُونَ**<br>ယုံကြည်လျှက် စည်းစောင့်မှု၌ ရှိနေသူတို့အဘို့ နောင်ဘဝ၏ အကျိုးဆုလဒ်သည် ပိုမိုကောင်းမြတ်၏။ |
| ၅၈။ | **وَجَاء إِخْوَةُ يُوسُفَ فَدَخَلُواْ عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهُ مُنكِرُونَ**<br>ယူဆွဖ်၏ အစ်ကိုများရောက်လာ၍၊ သူထံ၌ ဝင်ရောက်ခစားစဉ် သူက သူတို့ကို အမှတ်ရနေ၏၊ သို့သော် သူတို့က သူ့ကို မှတ်မိခြင်း မရှိချေ။ |
| ၅၉။ | **وَلَمَّا جَهَّزَهُم بِجَهَازِهِمْ قَالَ ائْتُونِي بِأَخٍ لَّكُم مِّنْ أَبِيكُمْ أَلاَ تَرَوْنَ أَنِّي أُوفِي الْكَيْلَ وَأَنَاْ خَيْرُ الْمُنزِلِينَ**<br>သူတို့၏ စားရေရိက္ခာအတွက် ရိက္ခာထောက်ပြီးသောအခါ၊ "နောင်တစ်ကြိမ်၌ သင်တို့၏ ညီငယ်အား သင်တို့၏ ဖခင်ထံမှ ကျွန်ုပ်ထံသို့ ဆောင်ခဲ့လော့။ ကျွန်ုပ်သည် သင်တို့အား ကုန်ဖလှယ်မှုကို အပြည့်အဝပေးသူ၊ ကောင်းမြတ်စွာ ဧည့်ခံသူ ဖြစ်ကြောင်း သင်တို့ မြင်သည် မဟုတ်လော၊– |
| ၆၀။ | **فَإِن لَّمْ تَأْتُونِي بِهِ فَلاَ كَيْلَ لَكُمْ عِندِي وَلاَ تَقْرَبُونِ**<br>အကယ်၍ သူ့အား ကျွန်ုပ်ထံသို့ မယူဆောင်ခဲ့လျှင်၊ ကျွန်ုပ်ထံ၌ သင်တို့အတွက် ကုန်ဖလှယ်ခြင်း မရှိပြီ၊ ချည်းကပ်ခွင့်လည်း ရမည်မဟုတ်၊"ဟု ဆိုလိုက်၏။ |
| ၆၁။ | **قَالُواْ سَنُرَاوِدُ عَنْهُ أَبَاهُ وَإِنَّا لَفَاعِلُونَ**<br>သူတို့က "ဖခင်ထံမှ သူ့အား ရအောင် ကျွန်ုပ်တို့ ကြိုးစားပါမည်။ အမှန်ပင် လုပ်ဆောင်ပါမည်၊"ဟု ပြောကြ၏။ |
| ၆၂။ | **وَقَالَ لِفِتْيَانِهِ اجْعَلُواْ بِضَاعَتَهُمْ فِي رِحَالِهِمْ لَعَلَّهُمْ يَعْرِفُونَهَا إِذَا انقَلَبُواْ إِلَى أَهْلِهِمْ لَعَلَّهُمْ يَرْجِعُونَ**<br>သူက သူ၏ ဝန်ထမ်းများအား "သူတို့၏ ငွေကြေးများကို[၅၅၄] သူတို့၏ အိပ်များအတွင်း ပြန်ထည့်ထားလော့၊ သို့ဖြင့် သူတို့၏ မိသားစုများထံ ပြန်သွားသောအခါ၊ ၎င်းတို့ကို တွေ့နိုင်၍၊ ပြန်လာနိုင်ကောင်း၏၊"ဟု မှာကြား၏။ |
| ၆၃။ | **فَلَمَّا رَجِعُوا إِلَى أَبِيهِمْ قَالُواْ يَا أَبَانَا مُنِعَ مِنَّا الْكَيْلُ فَأَرْسِلْ مَعَنَا أَخَانَا نَكْتَلْ وَإِنَّا لَهُ لَحَافِظُونَ**<br>သူတို့သည် ဖခင်ထံသို့ ပြန်ရောက် သောအခါ၊ "အို အဖေ၊ ကျွန်ုပ်တို့ထံမှ ကုန်ဖလှယ်ခြင်းကို ရုပ်သိမ်းလေပြီ၊ ကျွန်ုပ်တို့ ကုန်ဖလှယ်နိုင်အံ့ငှာ ညီငယ်အား ကျွန်ုပ်တို့နှင့်အတူ ထည့်ပေးလိုက်ပါ။ ကျွန်ုပ်တို့သည် သူ့အား ကောင်းစွာ ထိန်းသိမ်းပါမည်၊"ဟု ဆိုကြသော်။ |
| ၆၄။<br>ဖခင်က | **قَالَ هَلْ آمَنُكُمْ عَلَيْهِ إِلاَّ كَمَا أَمِنتُكُمْ عَلَى أَخِيهِ مِن قَبْلُ فَاللّهُ خَيْرٌ حَافِظًا وَهُوَ أَرْحَمُ الرَّاحِمِينَ**<br>**သူ**က "ယခင်က သူ့အစ်ကိုနှင့် စပ်လျဉ်း၍ သင့်တို့ကို စိတ်ချခဲ့သလို သူ့အား စိတ်ချရမည်လော။ ပရမတ်ဘုရားရှင်သည် အကောင်းဆုံး စောင့်ရှောက်သည့် အရှင် ဖြစ်၏။ အရှင်သည် အကြင်နာရှင် ကရုဏာရှင် ဖြစ်၏၊"ဟု ဆို၏။ |

(၅၅၄) **ဘိဿွအတ် بِضَاعَتَ** ဆိုသည်မှာ ကုန်ကူးသန်း သောအခါ အဖုအထစ်၊ အခက်အခဲမရှိရန် သုံးသော ကြားခံပစ္စည်းဟု ဖြစ်ပေသည်။ အချင်းချင်း ကုန်စည်ဖလှယ်ရာ၌ ကြားခံသုံးသော ပစ္စည်းဖြစ်၍၊ ဤနေရာ၌ ငွေကြေးဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၆၅။ | وَلَمَّا فَتَحُواْ مَتَاعَهُمْ وَجَدُواْ بِضَاعَتَهُمْ رُدَّتْ إِلَيْهِمْ قَالُواْ يَا أَبَانَا مَا نَبْغِي هَذِهِ بِضَاعَتُنَا رُدَّتْ إِلَيْنَا وَنَمِيرُ أَهْلَنَا وَنَحْفَظُ أَخَانَا وَنَزْدَادُ كَيْلَ بَعِيرٍ ذَلِكَ كَيْلٌ يَسِيرٌ<br>သူတို့သည် သူတို့၏ ပစ္စည်းများကို ဖွင့်သောအခါ၊ သူတို့အား ပြန်ပေးထားသော ငွေကြေးများကို တွေ့ရ၍၊ "အို အဖေ ကျွန်ုပ်တို့သည် မည်သည်ကို တောင်းဆိုရအံ့နည်း၊ ဤမှာ ကျွန်ုပ်တို့၏ ငွေကြေးများကို ပြန်ပေးလိုက်လေပြီ။ ကျွန်ုပ်တို့သည် မိသားစုများအတွက် စားရေပို၍ ရနိုင်ပါသည်။ ညီငယ်အား စောင့်ရှောက်ပါမည်။ ထို့နောက် ကုလားအုပ်တစ်စီးတင် အလေးချိန်လည်း အပိုရရှိပါမည်။ ဤသည် အဆင်ပြေသော ကုန်ဖလှယ်ခြင်း ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၆၆။<br>ဖခင်က | قَالَ لَنْ أُرْسِلَهُ مَعَكُمْ حَتَّى تُؤْتُونِ مَوْثِقًا مِّنَ اللّهِ لَتَأْتُنَّنِي بِهِ إِلاَّ أَن يُحَاطَ بِكُمْ فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ اللّهُ عَلَى مَا نَقُولُ وَكِيلٌ<br>**သူ**က "သင်တို့အတွက် ထွက်ပေါက်မဲ့သွားသည်မှအပ၊ သင်တို့သည် သူ့အား ကျွန်ုပ်ထံသို့ ပြန်ယူဆောင်လာမည်ဟု ပရမတ်ဘုရားရှင်၏ ထံ၌ တည်ကြည်စွာ ခံဝန်ချက် မပေးလျှင်၊ သင်တို့နှင့်အတူ သူ့အား စေပို့နိုင်မည် မဟုတ်၊"ဟု ဆို၍ – ကတိခံဝန်ချက် ပေးကြသော် သူက "ပရမတ်ဘုရားရှင်သည် ပြောဆိုလေသမျှအား စောင့်ရှောက်သော အရှင် ဖြစ်၏၊"ဟု ပြော၏။ |
| ၆၇။ | وَقَالَ يَا بَنِيَّ لاَ تَدْخُلُواْ مِن بَابٍ وَاحِدٍ وَادْخُلُواْ مِنْ أَبْوَابٍ مُّتَفَرِّقَةٍ وَمَا أُغْنِي عَنكُم مِّنَ اللّهِ مِن شَيْءٍ إِنِ الْحُكْمُ إِلاَّ لِلّهِ عَلَيْهِ تَوَكَّلْتُ وَعَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ<br>တဖန် သူက "အို သားတော်တို့၊ သင်တို့သည် တံခါး တစ်ပေါက်တည်းမှ မဝင်ကြလင့်၊ တံခါးပေါက် အသီးသီးမှ ဝင်ကြကုန်လော့၊ သို့သော် ပရမတ်ဘုရားရှင်၏ထံ၌ စံချိန်ပြည့်မှီသည့်တိုင် သင်တို့အဘို့ ကျွန်ုပ် ပြည့်စုံစေနိုင်ခြင်း မရှိ။ ပရမတ်ဘုရားရှင်သည်သာ အဆုံးအဖြတ်ပေးတော်မူ၏။ ကျွန်ုပ်သည် အရှင်ကိုသာ ယုံကြည်ကိုးစား၏။ ယုံကြည် ကိုးစားသူများသည် အရှင့်ကိုသား ယုံကြည်ကိုးစားကြကုန်၏၊"ဟု ဆို၏။ |
| ၆၈။ | وَلَمَّا دَخَلُواْ مِنْ حَيْثُ أَمَرَهُمْ أَبُوهُم مَّا كَانَ يُغْنِي عَنْهُم مِّنَ اللّهِ مِن شَيْءٍ إِلاَّ حَاجَةً فِي نَفْسِ يَعْقُوبَ قَضَاهَا وَإِنَّهُ لَذُو عِلْمٍ لِّمَا عَلَّمْنَاهُ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَعْلَمُونَ<br>သူတို့သည် ဖခင် စီမံသည့်အတိုင်း နေရာများမှ ဝင်ကြ၏။ သို့သော် ပရမတ်ဘုရားရှင်၏ထံ၌ စံချိန်ပြည့်မှီသည်မှအပ ပြည့်စုံနိုင်စွမ်း မရှိချေ။ ယာကုပ်သည် သူ့စရိုက်ဆန္ဒပြည့်ရန် အကြောင်းပြချက်သာ ဖြစ်၏။ သူသည် ငါ သွန်သင်သည့် အသိပညာအား ပိုင်ဆိုင်သူ ဖြစ်၏။ သို့ရာတွင် လူသားများစွာသည် သိနိုင်စွမ်းများ မရှိကြချေ။ |
| ၆၉။ | وَلَمَّا دَخَلُواْ عَلَى يُوسُفَ آوَى إِلَيْهِ أَخَاهُ قَالَ إِنِّي أَنَاْ أَخُوكَ فَلاَ تَبْتَئِسْ بِمَا كَانُواْ يَعْمَلُونَ<br>သူတို့သည် ယူဆွဖ်ထံသို့ ဝင်ရောက်သောအခါ၊ သူ့ညီအား အနားသို့ ကပ်စေ၍၊ "ကျွန်ုပ်သည် သင့်အစ်ကို ဖြစ်၏။ သူတို့၏ ကျင့်ဆောင်မှုကြောင့် စိတ်မညစ်နှင့်၊"ဟု ပြောပြ၏။ |
| ၇၀။ | فَلَمَّا جَهَّزَهُم بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِي رَحْلِ أَخِيهِ ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ<br>သူတို့၏ စားရေရိက္ခာအတွက် ရိက္ခာထောက်ပြီးသောအခါ၊ သူ့သောက်ရေခွက်ကို သူ့ညီ၏ အိပ်ထဲ၌ ထည့်ထားလိုက်၍၊ ဟစ်အော်သူတစ်ဦးအား "အို ခရီးသည်တို့ သင်တို့သည် သူခိုးများပင် ဖြစ်ကြ၏။"ဟု အော်ဟစ်စေ၏။ |
| ၇၁။ | قَالُواْ وَأَقْبَلُواْ عَلَيْهِم مَّاذَا تَفْقِدُونَ<br>သူတို့က အနားသို့ ကပ်လာလျှက် "သင်တို့၌ ဘယ်အရာ ပျောက်ဆုံးလေသနည်း၊"ဟု မေးမြန်းကြ၏။ |
| ၇၂။ | قَالُواْ نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَن جَاء بِهِ حِمْلُ بَعِيرٍ وَأَنَاْ بِهِ زَعِيمٌ<br>"ကျွန်ုပ်တို့၌ ဘုရင်မင်းမြတ်၏၊ ဖလားတော် ပျောက်ဆုံးပါသည်၊ ၎င်းအား ပြန်အပ်သူအား ကုလားအုပ်တစ်စီးတင် |

| | |
|---|---|
| | ပေးပါမည်၊ ကျွန်ုပ်သည် ထို့အတွက် တာဝန်ရှိပါသည်၊”ဟု ဆို၏။ |
| ၇၃။ | قَالُواْ تَاللّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الأَرْضِ وَمَا كُنَّا سَارِقِينَ۞<br>သူတို့က “ဘုရားရေ၊ ကျွန်ုပ်တို့သည် ဤဒေသသို့ အဖျက်အနှောင့်ပြုရန် လာခြင်းမဟုတ်၊ သူခိုးများလည်း မဟုတ်ကြောင်းကို အသင် မုချသိပါ၏၊”ဟု ပြောကြသော်။ |
| ၇၄။ | قَالُواْ فَمَا جَزَآؤُهُ إِن كُنتُمْ كَاذِبِينَ۞<br>“သင်တို့သည် လိမ်လည်သူများ ဖြစ်ကြလျှင် မည်သို့ အစားပေးရမည်နည်း၊”ဟု သူတို့အား မေးမြန်း၏။ |
| ၇၅။ | قَالُواْ جَزَآؤُهُ مَن وُجِدَ فِي رَحْلِهِ فَهُوَ جَزَاؤُهُ كَذَلِكَ نَجْزِي الظَّالِمِينَ۞<br>သူတို့က “အစားပေးမှု အဖြစ်၊ မည်သူ၏ အိပ်ထဲတွင် တွေ့အံ့၊ ထိုသူအား အစားပေးပါမည်။ ဤသည် အမိုက်ကောင်တို့ အတွက် အစားပေးခြင်းပင် ဖြစ်၏၊”ဟု ပြန်ဖြေ၏။ |
| ၇၆။<br><br>သာသနာ | فَبَدَأَ بِأَوْعِيَتِهِمْ قَبْلَ وِعَاء أَخِيهِ ثُمَّ اسْتَخْرَجَهَا مِن وِعَاء أَخِيهِ كَذَلِكَ كِدْنَا لِيُوسُفَ مَا كَانَ لِيَأْخُذَ أَخَاهُ فِي دِينِ الْمَلِكِ إِلاَّ أَن يَشَاء اللّهُ نَرْفَعُ دَرَجَاتٍ مِّن نَّشَاء وَفَوْقَ كُلِّ ذِي عِلْمٍ عَلِيمٌ۞<br>သို့ဖြင့် အစ်ကိုများ၏ အိပ်ကို အလျှင် ရှာဖွေ၏။ ထို့နောက် သူ့ညီ၏ အိပ်ကို ရှာဖွေ၍၊ အိပ်ထဲမှ ဆွဲထုတ်လိုက်၏။ ငါသည် ယူဆွဖ်အတွက် ယင်းသို့ ဗျူဟာချပေး၏။ ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်ဘဲ ရှင်ဘုရင်၏ **ဥပဒေ၌**[၁၁၅] သူသည် သူ့ညီအား သိမ်းယူနိုင်မည် မဟုတ်ချေ။ ငါသည် စံချိန်ပြည့်သူအား အခွင့်သာမှုကို မြှင့်ပေးတော်မူ၏။ အရှင်သည် တတ်သိသူများထက် ပို၍ သိနေတော်မူသော အရှင်ဖြစ်ပေ၏။ |
| ၇၇။ | قَالُواْ إِن يَسْرِقْ فَقَدْ سَرَقَ أَخٌ لَّهُ مِن قَبْلُ فَأَسَرَّهَا يُوسُفُ فِي نَفْسِهِ وَلَمْ يُبْدِهَا لَهُمْ قَالَ أَنتُمْ شَرٌّ مَّكَانًا وَاللّهُ أَعْلَمْ بِمَا تَصِفُونَ۞<br>သူတို့က “သူသည် ခိုးမှုကျူးလွန်လျှင်၊ သူ့အစ်ကို တစ်ဦးသည်လည်း ရှေးယခင်က ခိုးမှုကို ကျူးလွန်ခဲ့၏၊”ဟု ဆိုကြ၏။ ယူဆွဖ်သည် စိတ်တွင်း၌ထား၍ သူတို့အား သဲလွန်စ မပေးဘဲ၊ “သင်တို့သည် ဆိုးဝါးမှု၌ ရှိကြ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ တင်ပြချက်ကို အသိဆုံးဖြစ်တော်မူ၏၊”ဟု ဆို၏။[၁၁၆] |
| ၇၈။ | قَالُواْ يَا أَيُّهَا الْعَزِيزُ إِنَّ لَهُ أَبًا شَيْخًا كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ۞<br>သူတို့က “အို မင်းကြီး၊ သူ့၌ အိုမင်းရင့်ရော်သော ဖခင်အို ရှိပါ၏။ သူ့အစား ကျွန်ုပ်တို့မှ တစ်ယောက်ကို ဖမ်းယူထားပါ။ အသင်သည် ကောင်းမွန်သူတို့မှ ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ပါ၏၊”ဟု ပြောကြသော်။ |
| ၇၉။ | قَالَ مَعَاذَ اللّهِ أَن نَّأْخُذَ إِلاَّ مَن وَجَدْنَا مَتَاعَنَا عِندَهُ إِنَّآ إِذًا لَّظَالِمُونَ۞<br>သူက “ကျွန်ုပ်၏ ပစ္စည်းကို တွေ့သူမှအပ အခြားသူကို မဖမ်းယူရန် ပရမတ်ဘုရားရှင်သည် ထားမြစ်တော်မူ၏။ သို့မဟုတ်က ကျွန်ုပ်တို့သည် မတရားပြုသူများ ဖြစ်ပေလိမ့်မည်၊”ဟု ပြန်ပြော၏။ |

---

**(၁၁၅)** ရှင်ဘုရင်၏ ဥပဒေ၌ ဟု ပြန်ဆိုသော စကာလုံးသည် မူရင်းအာရ်ဗီ၌ **ဒီးန်နီ မာလိကိ دِينِ الْمَلِكِ** ဟု ဖြစ်၍၊ ထို ရှင်ဘုရင် ကိုးကွယ်ယုံကြည်သော သာသနာ အယူအရ၊ သို့မဟုတ် ထိုရှင်ဘုရင် ချမှတ်ထားသော လမ်းစဉ်အရ ဟု ဖြစ်ပေသည်။ ကိုယ်တော်ယူဆွဖ်သည် အရှင့်သတင်းတော်ဆော်တစ်ပါး ဖြစ်လျက်နှင့် မိမိ၏ အလိုဆန္ဒအတွက် သူတစ်ပါးအား လိမ်လည် ဥပါယ်တမည်ပြု၍ အကွက်ဆင်ခဲ့ခြင်း မဟုတ်ချေ။ သူမိသားစုအား ပြန်လည်ပေါင်းဆုံနိုင်ရန်၊ နွမ်းပါး၍ အစာရေစာ ခေါင်းပါးနေသော သူ့ (ဂျူး) လူမျိုးများအား ကယ်တင်နိုင်ရန် ရှင်ဘုရင်၏ သာသနာထဲမှ ထောက်ကွက်ရှိသည်ကို ဗျူဟာချ အသုံးပြုခဲ့ခြင်းသာ ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်က ချမှတ်လမ်းညွှန်ထားခြင်း မရှိသော သာသနာတိုင်းတွင် ဟာကွက် ထောက်ကွက်များ ရှိနေကြောင်းကို သက်သေပြခြင်းလည်း ဖြစ်ပေသည်။

**(၁၁၆)** ဤသုတ်တော်မှ ပြောသော သူ့အစ်ကို တစ်ဦး ဆိုသည်မှာ သူတို့ မမှတ်မိတော့သော ကိုယ်တော်ယူဆွဖ်အား ရည်ရွယ်ပြော ဆိုခြင်း မဟုတ်ချေ။ ယခု ခိုးမှုကျူးလွန်သည်ဟူသော ညီငယ်အား လူစားလဲလှယ်နိုင်ရန် သူတို့အထဲမှာ အစ်ကိုတစ်ဦးအား ရည်ရွယ်ပြောဆိုခြင်း ဖြစ်သည်။

၈၀။ فَلَمَّا اسْتَيْأَسُواْ مِنْهُ خَلَصُواْ نَجِيًّا قَالَ كَبِيرُهُمْ أَلَمْ تَعْلَمُواْ أَنَّ أَبَاكُمْ قَدْ أَخَذَ عَلَيْكُم مَّوْثِقًا مِّنَ اللّهِ وَمِن قَبْلُ
مَا فَرَّطتُمْ فِي يُوسُفَ فَلَنْ أَبْرَحَ الأَرْضَ حَتَّىَ يَأْذَنَ لِي أَبِي أَوْ يَحْكُمَ اللّهُ لِي وَهُوَ خَيْرُ الْحَاكِمِينَ ۞
သူတို့သည် သူ့အား စိတ်ပျက် လက်လျှော့ရသောအခါ၊ အချင်းချင်း တိုင်ပင်ကြလျှက်၊ သူတို့မှ အကြီးဆုံးသူက “သင်တို့၏ ဖခင်သည် ပရမတ်ဘုရားရှင်ထံ၌ ကတိခံဝန်ချက်ကို သင်တို့ထံမှ ယူထားသည်ကို သိကြသည် မဟုတ်လော၊ ယခင်က ယူဆွဖ်အတွက်လည်း သင်တို့ လစ်ဟင်းခဲ့၏။ သို့ဖြစ်၍ ဖခင်၏ ခွင့်ပြုချက် မရမချင်း သို့မဟုတ် ပရမတ်ဘုရားရှင်က အဆုံးအဖြတ် မပေးမချင်း ကျွန်ုပ်သည် ဤဒေသမှ ထွက်ခွာမည်မဟုတ်၊ အရှင်သည် အကောင်းဆုံးသော ဓမ္မသတ်ရှင်ဖြစ်၏။–

၈၁။ ارْجِعُواْ إِلَى أَبِيكُمْ فَقُولُواْ يَا أَبَانَا إِنَّ ابْنَكَ سَرَقَ وَمَا شَهِدْنَا إِلاَّ بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حَافِظِينَ
–သင်တို့သည် ဖခင်ထံသို့ ပြန်ကြ၍၊ ပြောရမည်မှာ “အို အဖေ၊ အသင့်သားငယ်သည် ခိုးမှုကျူးလွန်ပါ၏၊ ကျွန်ုပ်တို့ မသိသည်ကို ကျွန်ုပ်တို့ သက်သေမခံနိုင်ပါ။ မမြင်စွမ်းနိုင်သည်ကို စောင့်ရှောက်နိုင်သူများလည်း မဟုတ်ပါ။–

၈၂။ وَاسْأَلِ الْقَرْيَةَ الَّتِي كُنَّا فِيهَا وَالْعِيْرَ الَّتِي أَقْبَلْنَا فِيهَا وَإِنَّا لَصَادِقُونَ ۞
–ကျွန်ုပ်တို့ တည်းခိုခဲ့သော အရပ်ဒေသနှင့် ကျွန်ုပ်တို့နှင့်အတူ ပြန်လာသော ခရီးသည်များကို မေးကြည့်ပါ။ ကေန်ပင် ကျွန်ုပ်တို့သည် ဖြောင့်မှန်စွာဆိုသူများ ဖြစ်ပါသည်၊”ဟု စေလိုက်၏။

၈၃။ قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا فَصَبْرٌ جَمِيلٌ عَسَى اللّهُ أَن يَأْتِيَنِي بِهِمْ جَمِيعًا إِنَّهُ هُوَ الْعَلِيمُ الْحَكِيمُ ۞
ဖခင် **သူ**က “မဟုတ်တန်ရာ၊ သင်တို့၏စိတ်သည် သင်တို့အား စီမံ လှည့်စားချေပြီ။ သည်းခံခြင်းသည်သာ ကောင်းမွန်၏။ ပရမတ်ဘုရားရှင်သည် သူတို့အားလုံးကို ကျွန်ုပ်ထံသို့ ပြန်ပေးအပ်ရာ၏။ အရှင်သည် သိနေသောအရှင် အဆုံးအဖြတ်ရှင် ဖြစ်တော်မူပေ၏၊”ဟု ဆို၍–

၈၄။ وَتَوَلَّى عَنْهُمْ وَقَالَ يَا أَسَفَى عَلَى يُوسُفَ وَابْيَضَّتْ عَيْنَاهُ مِنَ الْحُزْنِ فَهُوَ كَظِيمٌ ۞
သူတို့ထံမှ လှည့်သွားလျှက်၊ “ကျွန်ုပ်မှာ ယူဆွဖ်အတွက် ယူကြုံးမရ ဖြစ်ရ၏၊”ဟု ဆိုကာ ပူဆွေးမှုဖြင့် မျက်လုံးများ အရောင်လက်လာ၏။[၅၅၇] သူသည် ကြေကွဲစွာခံစားနေရ၏။

၈၅။ قَالُواْ تَاالله تَفْتَأُ تَذْكُرُ يُوسُفَ حَتَّى تَكُونَ حَرَضًا أَوْ تَكُونَ مِنَ الْهَالِكِينَ ۞
သူတို့က “ပရမတ်ဘုရားရှင်အား တိုင်တည်ပါ၏။ အသင်သည် နာမကျန်း သို့မဟုတ် ခန္ဓာယွင်းသည့်တိုင်အောင် ယူဆွဖ်အား သတိရခြင်းကို ရပ်တန့်မည် မဟုတ်ချေ၊”ဟု ဆိုကြသော်။

၈၆။ قَالَ إِنَّمَا أَشْكُو بَثِّي وَحُزْنِي إِلَى اللّهِ وَأَعْلَمُ مِنَ اللّهِ مَا لاَ تَعْلَمُونَ ۞
ဖခင် **သူ**က “ကျွန်ုပ်သည် ပူဆွေးမှုများကို ပရမတ်ဘုရားထံ၌သာ အချေအတင်ပြု၏။ ပရမတ်ဘုရားရှင်ထံမှ သင်တို့ မသိသည်ကို ကျွန်ုပ်သိနေ၏။–

၈၇။ يَا بَنِيَّ اذْهَبُواْ فَتَحَسَّسُواْ مِن يُوسُفَ وَأَخِيهِ وَلاَ تَيْأَسُواْ مِن رَّوْحِ اللّهِ إِنَّهُ لاَ يَيْأَسُ مِن رَّوْحِ اللّهِ إِلاَّ الْقَوْمُ
الْكَافِرُونَ ۞
“သားတော်တို့၊ ယူဆွဖ်နှင့် သူ့ညီအကြောင်းကို သွားရောက် စုံစမ်းကြလော့၊ ပရမတ်ဘုရားရှင်၏ မေတ္တာအား စိတ်

---

(၅၅၇) **အိဘ်ယသွတ် အိုင်းနားဟု عَيْنَاهُ ابْيَضَّتْ** ၏တိုက်ရိုက် လုံးကောက်အားဖြင့် “သူ့မျက်လုံးများမှာ ဖြူဖွေးလာသည်၊”ဟု ဖြစ်ပေသည်။ ဆိုလိုသည်မှာ မျက်လုံးများ အတွင်း မျက်ရည်များ လည်လာသောကြောင့် အရောင်လက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဘာသာပြန်တွင် **မျက်လုံးများ အရောင်လက်လာ၏** ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ အိဗနိ အဘာ့စ်ကလည်း မျက်လုံးများမှာ မျက်ရည်များဖြင့် ပြည့်နှက်လာ၏ ဟု ပြန်ဆိုပေသည်။ ယာကုဗ်သည် ပူဆွေးသောက များလွန်းသောကြောင့် မျက်လုံးများကန်းကုန်၏ ဆိုသော ဇတ်လမ်းကို ကျမ်းတော်က လက်ခံပေ။

| | |
|---|---|
| | မပျက်ကြလင့် ဖုံးကွယ်သော လူမျိုးမှအပ ပရမတ်ဘုရားရှင်၏ မေတ္တာအား စိတ်ပျက်သူ ဟူ၍ မရှိချေ၊''ဟု ပြော၏။ |
| ၈၈။ | **فَلَمَّا دَخَلُواْ عَلَيْهِ قَالُواْ يَا أَيُّهَا الْعَزِيزُ مَسَّنَا وَأَهْلَنَا الضُّرُّ وَجِئْنَا بِبِضَاعَةٍ مُّزْجَاةٍ فَأَوْفِ لَنَا الْكَيْلَ وَتَصَدَّقْ عَلَيْنَآ إِنَّ اللّهَ يَجْزِي الْمُتَصَدِّقِينَ**<br>သူတို့သည် အထံတော်သို့ ပြန်ဝင်၍၊ ''အို မင်းကြီး၊ ကျွန်ုပ်တို့နှင့် မိသားစုများအား ဘေးဒုက္ခကြီး ထိနေပါပြီ၊ ကျွန်ုပ်တို့တွင် ငွေကြေး မလောက်မငကိုသာ ပေးအပ်နိုင်ပါ၏။ ကျွန်ုပ်တို့အား ကုန်ဖလှယ်ရာ၌ အပြည့်ပေးတော်မူပါ၊ ကျွန်ုပ်တို့အပေါ်၌ အလှူဒါနပြုတော်မူပါ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အလှူဒါနပြုသူတို့အား အကျိုးဆုလဒ် ပေးတော်မူပါမည်၊''ဟု လျှောက်ထားကြသော်။ |
| ၈၉။ | **قَالَ هَلْ عَلِمْتُم مَّا فَعَلْتُم بِيُوسُفَ وَأَخِيهِ إِذْ أَنتُمْ جَاهِلُونَ**<br>သူက ''သင်တို့သည် ပညာမဲ့နေစဉ် ယူဆွဖ်နှင့် သူ့ညီအား မည်သို့ ပြုခဲ့သည်ကို သိနေကြသလော၊''ဟု မေးမြန်း၏။ |
| ၉၀။ | **قَالُواْ أَإِنَّكَ لَأَنتَ يُوسُفُ قَالَ أَنَاْ يُوسُفُ وَهَذَا أَخِي قَدْ مَنَّ اللّهُ عَلَيْنَا إِنَّهُ مَن يَتَّقِ وَيِصْبِرْ فَإِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ**<br>သူတို့က ''အသင်သည်ကား ယူဆွဖ်ပင် ဖြစ်ရမည်၊''ဟု ပြောသောအခါ၊ သူက ''ကျွန်ုပ်သည် ယူဆွဖ် ဖြစ်၍၊ ဤသည် ကျွန်ုပ် ညီငယ်ဖြစ်၏၊ ပရမတ်ဘုရားရှင်ထံမှ ကျွန်ုပ်တို့အား ကြည့်၏။ ကေန်ပင် စည်းစောင့်၍ သည်းခံသူ အတွက်၊ ပရမတ်ဘုရားရှင်သည် ကောင်းမွန်သူတို့၏ အကျိုးကို အချီးနှီး မဖြစ်စေပေ၊''ဟု ဆို၏။ |
| ၉၁။ | **قَالُواْ تَاللّهِ لَقَدْ آثَرَكَ اللّهُ عَلَيْنَا وَإِن كُنَّا لَخَاطِئِينَ**<br>သူတို့က ''ဘုရားရေ၊ မုချပင် ပရမတ်ဘုရားရှင်သည် သင့်အား ကျွန်ုပ်တို့၏ အပေါ်မှ ရွေးကောက်တော်မူ၏။ ကျွန်ုပ်တို့သည်ကား အပြစ်ရှိသူများ ဖြစ်ပါ၏၊''ဟု ဝန်ခံကြ၏။ |
| ၉၂။ | **قَالَ لاَ تَثْرَيبَ عَلَيْكُمُ الْيَوْمَ يَغْفِرُ اللّهُ لَكُمْ وَهُوَ أَرْحَمُ الرَّاحِمِينَ**<br>သူက ''သင်တို့အပေါ်၌ ယနေ့တွင် နောက်ကြောင်းမလှန်ပါ၊ ပရမတ်ဘုရားရှင်သည် သင်တို့အား လွတ်ငြိမ်းစေ၏။ အရှင်သည် အကြင်နာရှင် ကရုဏာရှင် ဖြစ်တော်မူ၏။–၊ |
| ၉၃။ | **اذْهَبُواْ بِقَمِيصِي هَذَا فَأَلْقُوهُ عَلَى وَجْهِ أَبِي يَأْتِ بَصِيرًا وَأْتُونِي بِأَهْلِكُمْ أَجْمَعِينَ**<br>–ဤ ကျွန်ုပ်၏ အင်္ကျီကို ယူသွား၍၊ ဖခင်၏ ရှေ့မှောက်၌ ပြသလော့၊ သူသည် အမြင်ကြည် လာလိမ့်မည်။[၁၅၈] ကျွန်ုပ်ထံသို့ သင်တို့ မိသားစု အားလုံး လာခဲ့ကြလော့၊''ဟု ဆို၏။ |
| ၉၄။<br>လေငွေ့ကို | **وَلَمَّا فَصَلَتِ الْعِيرُ قَالَ أَبُوهُمْ إِنِّي لَأَجِدُ رِيحَ يُوسُفَ لَوْلاَ أَن تُفَنِّدُونِ**<br>ခရီးသည်များ ထွက်သွားသောအခါ၊ သူတို့၏ ဖခင်က ''ကျွန်ုပ်အား သူယယ်ပြန်သည်ဟု စွပ်စွဲငြားလည်း၊ ကျွန်ုပ်သည် ယူဆွဖ်၏ **ရနံ့ကို** ရနေသည်၊''ဟု ဆိုသော်။ |
| ၉၅။ | **قَالُواْ تَاللّهِ إِنَّكَ لَفِي ضَلاَلِكَ الْقَدِيمِ**<br>သူ့အား ''ပရမတ်ဘုရားရှင်အား တိုင်တည်ပါ၏။ သင်သည် အိုမင်း မှားယွင်းနေပါပြီ၊''ဟု ပြောကြ၏။ |
| ၉၆။ | **فَلَمَّا أَن جَاء الْبَشِيرُ أَلْقَاهُ عَلَى وَجْهِهِ فَارْتَدَّ بَصِيرًا قَالَ أَلَمْ أَقُل لَّكُمْ إِنِّي أَعْلَمُ مِنَ اللّهِ مَا لاَ تَعْلَمُونَ**<br>ထို့နောက် သတင်းကောင်း ဆောင်လာသူ ရောက်လာ၍၊ သူ့ရှေ့မှောက်၌ ပြသသော်၊ သူသည် အမြင်ကြည်လာ၍၊ |

(၁၅၈) **ယာ့အ်တိ ဘဆွီးရန်မ် يَأْتِ بَصِيرًا** ဆိုသည်မှာ ကန်းနေသောသူ ပြန်မြင်လာသည်ဟု မဆိုလိုပေ။ **ဘဆွီးရန်မ်** ၏ အနက်မှာ သူသည် အမြင်အာရုံ ဖြင့် မြင်သည်။ သို့မဟုတ် မြင်သောအရာအား အတွင်းသဘောကို ထိုးဖေါက်သိနိုင်သည် ဟု ဖြစ်ပေသည်။

| | |
|---|---|
| | “ပရမတ်ဘုရားရှင်၏ ထံမှ သင်တို့ မသိသည်ကို ကျွန်ုပ်သိနေသည်ဟု၊ သင်တို့အား ကျွန်ုပ်မပြောခဲ့သလော၊”ဟု ဆို၏။ |
| ၉၇။ | قَالُواْ يَا أَبَانَا اسْتَغْفِرْ لَنَا ذُنُوبَنَا إِنَّا كُنَّا خَاطِئِينَ۞<br>သူတို့က “အို အဖေ၊ ကျွန်ုပ်တို့သည် အပြစ်ရှိသူများ ဖြစ်ပါ၏။ မှားကြွေးများမှ လွတ်ငြိမ်းဆုကို ပန်ပေးပါ”ဟု တောင်းပန်သော်။ |
| ၉၈။ | قَالَ سَوْفَ أَسْتَغْفِرُ لَكُمْ رَبِّيَ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۞<br>သူက “ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ သင်တို့အတွက် လွတ်ငြိမ်းဆုကို ပန်ပါမည်။ အရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူသည်၊”ဟု ပြန်ပြော၏။ |
| ၉၉။ | فَلَمَّا دَخَلُواْ عَلَى يُوسُفَ آوَى إِلَيْهِ أَبَوَيْهِ وَقَالَ ادْخُلُواْ مِصْرَ إِن شَاء اللّهُ آمِنِينَ۞<br>ယူဆွဖ်ထံပါးသို့ ဝင်သောအခါ၊ သူသည် မိဘများကို အပါးသို့ဆောင်၍၊ “အီဂျစ်ပြည်သို့ ဝင်ရောက်ရန် ဖိတ်လျှက်။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီသော် ဤ၌ ဘေးကင်းလုံခြုံ၏၊”ဟု ဆိုလေ၏။ ။ |
| ၁၀၀။ | وَرَفَعَ أَبَوَيْهِ عَلَى الْعَرْشِ وَخَرُّواْ لَهُ سُجَّدًا وَقَالَ يَا أَبَتِ هَذَا تَأْوِيلُ رُؤْيَايَ مِن قَبْلُ قَدْ جَعَلَهَا رَبِّي حَقًّا وَقَدْ أَحْسَنَ بَي إِذْ أَخْرَجَنِي مِنَ السِّجْنِ وَجَاء بِكُم مِّنَ الْبَدْوِ مِن بَعْدِ أَن نَّزَغَ الشَّيْطَانُ بَيْنِي وَبَيْنَ إِخْوَتِي إِنَّ رَبِّي لَطِيفٌ لِّمَا يَشَاء إِنَّهُ هُوَ الْعَلِيمُ الْحَكِيمُ۞<br>သူသည် မိဘများကို ပလ္လင်ပေါ်သို့ တင်မြှောက်၍၊ သူတို့က သူ့အား ဦးချအရိုအသေပြုကြ၏။[၁၁၉] သူက “အို အဖေ၊ ဤသည် ရှေးယခင်က ကျွန်ုပ် အမြင်ရခဲ့ခြင်း၏ အဓိပ္ပါယ်များပင် ဖြစ်၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အမှန်တရားကို ရောက်စေပြီ။ ကျွန်ုပ်အား ထောင်တွင်းမှ ကယ်နုတ်ခဲ့ပြီ။ မကောင်းဆိုးဝါးသည် ကျွန်ုပ်နှင့် အစ်ကိုတို့အကြား မသင့်မတင့် ဖြစ်စေပြီးမှ အသင့်အား သဲကန္တာရတွင်းမှ ကျွန်ုပ်ထံသို့ ရောက်စေခဲ့ပြီ။ ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီသူအား သနားတော်မူ၏၊ အရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူပေ၏။” |
| ၁၀၁။<br><br>ရာဇဝင် | رَبِّ قَدْ آتَيْتَنِي مِنَ الْمُلْكِ وَعَلَّمْتَنِي مِن تَأْوِيلِ الأَحَادِيثِ فَاطِرَ السَّمَاوَاتِ وَالأَرْضِ أَنتَ وَلِيِّي فِي الدُّنُيَا وَالآخِرَةِ تَوَفَّنِي مُسْلِمًا وَأَلْحِقْنِي بِالصَّالِحِينَ۞<br>အို ကံကြမ္မာရှင်၊ အရှင်သည် တပည့်တော်အား အာဏာပိုင် အဖြစ် အပ်နှင်း၍၊ သမိုင်းကြောင်း ဖွင့်ဆိုခြင်းကို သင်ပေး၏၊ မိုးများနှင့် မြေကမ္ဘာ၏ ဇစ်မြစ်ရှင် ဖြစ်ပါ၏။ အရှင်သည် ဤဘဝ နောင်ဘဝ၌ တပည့်တော်၏ ကွပ်ကဲသူ ဖြစ်ပါ၏။ တပည့်တော်အား ငြိမ်းချမ်းရေးဝါဒီ အဖြစ် ကွယ်လွန်စေတော်မူပါ၊ ပြုပြင်သူများအနက်၌ ပါဝင်စေပါ၊”ဟု ရင့်ကျူး၏။ |
| ၁၀၂။<br><br>မုဟမ္မဒ် | ذَلِكَ مِنْ أَنبَاء الْغَيْبِ نُوحِيهِ إِلَيْكَ وَمَا كُنتَ لَدَيْهِمْ إِذْ أَجْمَعُواْ أَمْرَهُمْ وَهُمْ يَمْكُرُونَ۞<br>ဤသည် **သင့်**အား ငါအရှင် အာရုံစျာန်ဖြစ်စေသော စကြွာလွန် အချက်အလက်များမှ ဖြစ်၏။ သူတို့သည် အစုလိုက် အပြုံလိုက် စီမံကြစဉ်၌ သင်သည် မျက်မှောက်ရှိနေသည် မဟုတ်ချေ။ သူတို့သည် ကြံစည်နေသူများ ဖြစ်လေ၏။ |
| ၁၀၃။ | وَمَا أَكْثَرُ النَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِينَ۞<br>သင်က မည်မျှပင် ဆန္ဒရှိသော်လည်း လူသား အများစုမှာ ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၀၄။ | وَمَا تَسْأَلُهُمْ عَلَيْهِ مِنْ أَجْرٍ إِنْ هُوَ إِلاَّ ذِكْرٌ لِّلْعَالَمِينَ۞ |

(၁၁၉) လူသားချင်း မိမိထက်ဘုန်းကြီးသည်ဟု ယူဆသူများကို ဦးချကန်တော့ခြင်း၊ ဘုရားရှင်အား ခေါ်ဝေါ်သုံးစွဲသကဲ့သို့ ကံကြမ္မာရှင်ဟု ခေါ်ဝေါ် သုံးစွဲခြင်းများကို ဤသုတ်တော်နှင့် သုတ်တော်အမှတ် (၅၀)တွင် **ရဗ်** သင့်အရှင် ဟု သုံးစွဲခြင်းမျိုးမှာ ရှေးဟောင်း အီဂျစ်လူမျိုးများ၏ ရိုးရာ ဓလေ့ ဖြစ်ခဲ့သည်။ အစ္စလာမ်သာသနာ ပေါ်ပေါက်လာသောအခါ ထိုသို့ လူသားနှင့် ဘုရား တစ်ဂိုဏ်းတည်းထား သတ်မှတ် ပြောဆိုမှုများကို ပယ်ဖျက် လိုက်ပေသည်။ လူသားချင်း ရှိခိုးပူဇော်ရသည့် ဝါဒမှာ ရှိခိုးဦးချရသူအတွက် သေးသိမ်စေသော ဝါဒဟု သွန်သင်သည်။

| | |
|---|---|
| လစာ | လောကခပ်သိမ်းအား သတိပေးခြင်းမှအပ သင်သည် သူတို့ထံမှ **အကျိုးအမြတ်** တောင်းဆိုခြင်း မရှိချေ။ |
| ၁၀၅။ | وَكَأَيِّن مِّن آيَةٍ فِي السَّمَاوَاتِ وَالأَرْضِ يَمُرُّونَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُونَ ۞<br>မိုးများနှင့် မြေကမ္ဘာ၌ နိမိတ်လက္ခဏာပေါင်း မည်မျှပင် ရှိသော်လည်း၊ သူတို့သည် မျက်နှာလွှဲ ဖြတ်သွားနေကြ၏။ |
| ၁၀၆။ | وَمَا يُؤْمِنُ أَكْثَرُهُمْ بِاللّهِ إِلاَّ وَهُم مُّشْرِكُونَ ۞<br>များစွာသောသူတို့မှာ ရောပြွန်းကိုးကွယ်ခြင်းမှ အပ ပရမတ်ဘုရားရှင်အား ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၀၇။ | أَفَأَمِنُواْ أَن تَأْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللّهِ أَوْ تَأْتِيَهُمُ السَّاعَةُ بَغْتَةً وَهُمْ لاَ يَشْعُرُونَ ۞<br>ပရမတ်ဘုရားရှင် သတ်မှတ်သည့် ဝင့်ကြွေးမှ သို့မဟုတ် သူတို့ သတိမထားမိစဉ် ရုတ်တရက် ဆိုက်ရောက်လာမည့် အချိန်ကာလမှ ခြုံလွှမ်းကာကွယ်မှုအား သူတို့ကို ပေးအပ်လျှက်၊ ဘေးကင်းနေပြီဟု ထင်ကြသလော။ |
| ၁၀၈။ | قُلْ هَذِهِ سَبِيلِي أَدْعُو إِلَى اللّهِ عَلَى بَصِيرَةٍ أَنَاْ وَمَنِ اتَّبَعَنِي وَسُبْحَانَ اللّهِ وَمَا أَنَاْ مِنَ الْمُشْرِكِينَ ۞<br>ဟောလော့ "ဤသည် ကျွန်ုပ်၏ လမ်းစဉ် ဖြစ်၏။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ နောက်လိုက်တို့သည် အမြင်ကြည်လင်စွာဖြင့် ပရမတ်ဘုရားထံသို့ ဖိတ်ခေါ်နေ၏။ ပရမတ်ဘုရားရှင်သည် တုနှိုင်းမဲ့ဖြစ်၏။ ကျွန်ုပ်တို့သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ချေ။" |
| ၁၀၉။ | وَمَا أَرْسَلْنَا مِن قَبْلِكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِم مِّنْ أَهْلِ الْقُرَى أَفَلَمْ يَسِيرُواْ فِي الأَرْضِ فَيَنظُرُواْ كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ وَلَدَارُ الآخِرَةِ خَيْرٌ لِّلَّذِينَ اتَّقَواْ أَفَلاَ تَعْقِلُونَ ۞<br>သင်မတိုင်မီ၊ မြို့ရွာဒေသသားများမှ လူသားစင်စစ်ကိုသာ၊ သူတို့အား ငါအရှင် အာရုံဝင်စားပေး၍ စေစားတော်မူ၏။ သူတို့မတိုင်မီ မျိုးဆက်များ မည်သို့ ဇာတ်သိမ်းသွားသည်ကို ကမ္ဘာမြေအနှံ့သွားလာ၍ မကြည့်ကြသလော။ စည်းစောင့်သူများ အတွက် နောင်ဘဝ ဗိမာန်သည် အကောင်းမြတ်ဆုံး ဖြစ်ကြောင်း အတွေးအခေါ် မရှိကြကုန်သလော။ |
| ၁၁၀။ | حَتَّى إِذَا اسْتَيْأَسَ الرُّسُلُ وَظَنُّواْ أَنَّهُمْ قَدْ كُذِبُواْ جَاءهُمْ نَصْرُنَا فَنُجِّيَ مَن نَّشَاء وَلاَ يُرَدُّ بَأْسُنَا عَنِ الْقَوْمِ الْمُجْرِمِينَ ۞<br>ဉာဏ်စဉ်ဆောင်များသည် စိတ်ပျက်လက်လျှော့၍၊ သူတို့အား ငြင်းဆန်ခံရသည်ဟု ထင်မြင်ကြသောအခါ၊ ငါ၏ ထံမှ အောင်မြင်မှုမင်္ဂလာသည် သူတို့ထံသို့ ဆိုက်ရောက်လာ၏။ ရာဇဝတ်ကောင်များအား မရှောင်လွှဲနိုင်သော ပြစ်ဒဏ် ဆိုက်ရောက်လာသော်၊ စံချိန်ပြည့်မှီသူအား ငါ ကယ်နှုတ်တော်မူ၏။ |
| ၁၁၁။<br><br>ရေးကျမ်းများ | لَقَدْ كَانَ فِي قَصَصِهِمْ عِبْرَةٌ لِّأُوْلِي الأَلْبَابِ مَا كَانَ حَدِيثًا يُفْتَرَى وَلَكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ كُلَّ شَيْءٍ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ۞<br>မုချပင် သူတို့၏ သမိုင်းကြောင်းများ၌ တတ်သိပညာရှင်များ အဘို့ လေ့လာစရာများ ပါရှိ၏။[၅၆၀] ဤသည် လုပ်ကြံဖန်တီး ထားသော အချက်အလက်များ မဟုတ်ပေ။ သို့ရာတွင် သူတို့၏ **လက်စွဲများ**ကို ဖြောင့်မှန်စေ၏။ အသေးစိတ်ကို ဖွင့်ဆိုရှင်းပြ၏။ ယုံကြည်သူသော လူမျိုးအတွက် လမ်းညွှန်တော်၊ ကရုဏာတော်ဖြစ်၏။ |

---

(၅၆၀) ကျမ်းတော်က ပုံတိုပတ်စ ဒဏ္ဍာရီများကို စွန့်၍ သမိုင်းစစ်အား လေ့လာဆည်းပူးရန် အမြဲသွန်သင် အားပေးလျှက် ရှိပေသည်။

**ဤမြေ့ခန္ဓာ တွင် ဖေါ်ပြသော ကိုယ်တော် ယူဆွဖ် ဟူသည် သမ္မာကျမ်းစာတွင် ယောသပ် ဟု ရေးသား ဖေါ်ပြသည်။ သို့သော် မာရိသခင်မ၏ ယောကျ်ား ယောသပ် မဟုတ်ပါ။**